

# နတ်ဘုရားရှင်ကို ကြင်နာပါ

လျူစီရှင်း

နောင်နောင်စိုးသိမ်း
ဘာသာပြန်ဆိုသည်

# နတ်ဘုရားရှင်ကို ကြင်နာပါ
## လျူစီရှင်း
## နောင်နောင်စိုးသိမ်း (မြန်မာပြန်သည်)
## အပိုင်း (၁)

နတ်ဘုရားသည် ချူရှန်းမိသားစုကို နောက်ထပ်တစ်ကြိမ် စိတ်အနှောင့်အယှက် ပေးမိပြန်လေပြီ။

ထိုမနက်ခင်းမှာ ကောင်းမွန်စွာ အစပြုခဲ့သည်။ ရှီဟန်ရွာတစ်ဝိုက်ရှိ လယ်ကွင်းများပေါ်တွင် ပါးလွှာသော အဖြူရောင်မြူထုက လူတစ်ရပ်ခန့် အမြင့်၌ မျောလွင့်နေသည်မှာ ယခုပင် ဗလာဖြစ်သွားသော ဆန်စက္ကူတစ်ရွက်နှင့် တူနေ၏။ ဆိတ်ငြိမ်လှသော ကျေးလက်ရှုခင်းမှာ စက္ကူထဲက ထွက်ကျလာသည့် ပန်းချီကားတစ်ချပ်ကဲ့သို့ပင်။ မြင်ကွင်း ပေါ်သို့ မနက်ခင်း၏ ပထမဆုံး အလင်းတန်းများ ကျဆင်းလာပြီးနောက် နှစ်တစ်နှစ်၏ အစောဆုံး နှင်းစက်ကလေး များကလည်း ၎င်းတို့၏ အခမ်းနားဆုံးသော တဒင်္ဂမျှ ဘဝအချိန်သို့ ဆိုက်ရောက်ခဲ့လေသည်။ သို့သော် ဤကဲ့သို့ လှပသော မနက်ခင်းကို နတ်ဘုရားက ပျက်စီးစေခဲ့သည်။

နတ်ဘုရားသည် အစောကြီးထကာ သူ့အတွက် နွားနို့ကို ကိုယ်တိုင် နွေးရန်အတွက် မီးဖိုချောင်အတွင်း ဝင်ခဲ့၏။ ထောက်ပံ့ခြင်းကာလ စတင်ခဲ့စဉ်ကတည်းက နွားနို့ဈေးကွက်မှာ ကြီးထွားလာသည်။ ချူရှန်းမိသားစုမှာ နို့စားနွားမ တစ်ကောင်အား ယွမ်တစ်သောင်းကျော် ပေးဝယ်ပြီး အခြားသူများ လုပ်သည့်အတိုင်း နွားနို့ကို ရေရောၡ ရောင်းချလေ၏။ အရောအ

နှော မရှိသော နွားနို့စစ်စစ်ကမူ မိသားစုအတွက် အဓိက စားသောက်စရာ ဖြစ်လာခဲ့သည်။

နွားနို့ နွေးပြီးသည့်အခါ နတ်ဘုရားက သူ့ခွက်ကို ညှော့ခန်းသို့ ယူခဲ့ပြီး တီဗီကြည့်ရန် ထွက်လာခဲ့ရာ ဓါတ်ငွေ့မီးဖိုကို ပိတ်ရန် မေ့သွားလေသည်။

ချူရှန်း၏မိန်းမ ယူလိအန်တစ်ယောက် နွားတင်းကုပ် နှင့် ဝက်ခြံများကို သန့်ရှင်းရေးလုပ်ပြီး ပြန်လာချိန်တွင် ဓာတ်ငွေ့နံ့များ တစ်အိမ်လုံး မွှန်ထူနေသည်ကို တွေ့ရတော့ သည်။ သူမက နှာခေါင်းကို တဘက်နှင့် အုပ်၊ မီးဖိုကို ပိတ်ရန် မီးဖိုချောင်သို့ ပြေးဝင်၍ ပြတင်းပေါက်ကို ဖွင့်ပြီး ပန်ကာလည်း ဖွင့်ရ၏။

"ရှင်က တကယ် ဦးနှောက်ပျက်နေတဲ့ အဘိုးကြီးပဲ။ တစ်မိသားစုလုံး သေသွားအောင် ရှင်လုပ်နေတာ" ညှော့ခန်းဆီသို့ ယူလိအန်က လှမ်းအော်သည်။ နတ်ဘုရားကို သူတို့ စတင်ထောက်ပံ့ပြီးနောက် သူတို့မိသားစုမှာ ချက်ပြုတ်ရန် အတွက် လောင်စာအရည် ဓာတ်ငွေ့ကို ပြောင်းသုံးခဲ့ကြသည်။ ချူရှန်း၏ အဖေကမူ ဓာတ်ငွေ့သည် မီးသွေး လောင်စာတောင့်လောက် မကောင်းဟု အမြဲတမ်း ဆန့်ကျင်သည်။ ယခုအခါ သူငြင်းခုံရန်အတွက် လက်နက်ခဲယမ်း ပိုရသွားပေပြီ။

သူလုပ်နေကျအတိုင်း နတ်ဘုရားမှာ နောင်တရစွာ ခေါင်းကို ငုံ့၍ ရပ်နေ၏။ တံမြက်စည်းနှင့်တူသော သူ၏ မုတ်ဆိတ်ဖြူကြီးကလည်း ဒူးအောက်အထိပင် ရှည်ကျနေသည်။ သူက ကိုယ့်အပြစ်ကိုယ်သိသော ကလေးငယ် တစ်ယောက်လို ပြုံးလျက် "ကျွန်ုပ်...ကျွန်ုပ်က နွားနို့နွေးဖို့ အတွက် အိုးကို ချထားခဲ့တာ။ ဘာလို့ သူ့ဘာသာ ပိတ်မသွားလဲ" ဟု ပြောလေသည်။

"ခင်ဗျားရဲ့ အာကာသယာဉ်ပေါ်မှာပဲ ရှိနေတုန်းလို့ ခင်ဗျား ထင်နေတာ

လား" လှေကားမှ ဆင်းလာရင်း ချူရှန်းက ပြောသည်။ "ဒီမှာရှိတဲ့ အရာရာက သုံးစားမရဘူးဗျ။ ကျုပ်တို့က ခင်ဗျားလို မဟုတ်ဘူးလေ။ ဉာဏ်ရှိတဲ့ စက်တွေက ခြေဆုပ်လက်နယ်ပြုတာကို ထိုင်စောင့်နေလို့ မရဘူး။ အသုံးမကျတဲ့ ပစ္စည်းကိရိယာတွေနဲ့ပဲ ကျုပ်တို့က ကြိုးကြိုးစားစား လုပ်ကြရတာ။ ဒီလိုနည်းနဲ့ ကျုပ်တို့က ပန်းကန်ထဲ ထမင်းရောက်လာအောင် လုပ်ရတာဗျ"

"ကျွန်ုပ်တို့လည်း အလုပ်ကြိုးစားခဲ့ပါတယ်။ နို့မဟုတ်ရင် သင်တို့ ဘယ်လိုဖြစ်လာမှာလဲ" နတ်ဘုရားက ဂရုစိုက်ပြီး ပြောသည်။

"တော်ပါတော့။ အဲဒီ သင်တို့ ဘယ်လိုဖြစ်လာမှာလဲ ဆိုတာ တော်ပါတော့။ ကြားရတာ နားခါးလာပြီ။ ရှင် သိပ်ပြီး အစွမ်းရှိရင် ရှင့်ကို ထောက်ပံ့ဖို့အတွက် တခြား သားလိမ္မာ သမီးအလိမ္မာလေးတွေကို သွားဖန်တီးပါလား" ယူလိအန်က သူမတာဘက်ကို ကြမ်းပေါ်သို့ ပေါက်ချသည်။

"ထားပါတော့။ ထားလိုက်တော့" ချူရှန်းက ပြောသည်။ သူက အမြဲတမ်း ဖျန်ဖြေပေးသူ ဖြစ်လေသည်။ "မနက်စာ စားကြစို့"

ဘင်းဘင်းလည်း နိုးလာ၏။ လှေကားမှ သူဆင်းလာစဉ် သမ်းဝေလိုက်သည်။ "မား၊ ပါး၊ နတ်ဘုရားကြီးက တစ်ညလုံး ချောင်းဆိုးနေတယ်။ သားအိပ်မရဘူး"

"နင် ဘယ်လောက် ကံကောင်းသလဲ နင်မသိဘူး" ယူလိအန်က ပြောသည်။ "နင့်အဖေနဲ့ ငါဆိုရင် သူ့ရဲ့ အခန်းဘေးက အခန်းမှာ နေရတာ။ ငါတို့ စောဒကတက်တာ နင်ကြားဖူးလား"

ပြောနေတုန်း အချိန်ကိုက်မှာပင် နတ်ဘုရားက ချောင်းစဆိုးပြန်သည်။ သူချောင်းဆိုးပုံမှာ အကြိုက်ဆုံး အားကစားနည်း တစ်မျိုးကို လုပ်သလို အာရုံစူးစိုက်မှုအပြည့်နှင့် ဖြစ်သည်။

ယူလိအန်က နတ်ဘုရားကို စက္ကန့်အနည်းငယ်မျှ စိုက်ကြည့်ပြီး သက်ပြင်းချလိုက်သည်။ "မျိုးဆက်ရှစ်ဆက် အတွင်း ကံအဆိုးဆုံးက ငါပဲ ဖြစ်ရမယ်" ဒေါသထွက်နေရင်းက မနက်စာ ချက်ပြုတ်ရန် မီးဖိုချောင်သို့ သူမ ဝင်သွားတော့သည်။

မိသားစုဝင်များနှင့်အတူ မနက်စာစားချိန် တစ်လျှောက်လုံး နတ်ဘုရားမှာ တိတ်ဆိတ်စွာ ထိုင်နေခဲ့သည်။ ပေါက်စီတစ်ဝက်၊ ချဉ်ဖတ်စုံနှင့် ဆန်ပြုတ် ပန်းကန်တစ်လုံးကို သူစားသည်။ ယူလိအန်၏ မနှစ်မြို့သော အကြည့်ကို တစ်ချိန်လုံး သူခံနေရ၏။ ဓာတ်ငွေ့ကိစ္စကို သူမ စိတ်ဆိုးနေဆဲကြောင့်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် သူက အစားကြီးလွန်းသည်ဟု သူမက ထင်နေခြင်းလည်း ဖြစ်နိုင်သည်။

မနက်စာပြီးလျှင် ထုံးစံအတိုင်း စားပွဲရှင်းရန်နှင့် မီးဖိုချောင်ထဲတွင် ပန်းကန်များဆေးရန်အတွက် နတ်ဘုရားက လျင်မြန်စွာ ထသည်။ မီးဖိုချောင်အပြင် ရပ်မိရုံသာ ရှိသေးစဉ် ယူလိအန်က အော်လေ၏။ "ပန်းကန်လုံးမှာ ဆီမပေရင် ဆပ်ပြာရည်ကို မသုံးနဲ့။ အရာရာက ပိုက်ဆံပေးဝယ်ရတာ။ ရှင့်ကို ထောက်ပံ့တဲ့အတွက် သူတို့ပေးတာက မဖြစ်စလောက်။ ဟွန်း" နတ်ဘုရားက ခပ်အုပ်အုပ် အသံပြု၍ အသိအမှတ်ပြုရသည်။

လယ်ထဲသွားရန် ယူလိအန်နှင့် ချူရှန်း ထွက်သွားသည်။ ဘင်းဘင်းက ကျောင်းသွားသည်။ ထိုအခါမှ ချူရှန်း၏အဖေ နိုးလာသည်။ အိပ်ချင်မူးတူးနှင့် လေ့ကားက ဆင်းလာပြီး ဆန်ပြုတ် ပန်းကန်နှစ်လုံး စားသည်။ ပြီးလျှင် သူ့ဆေးတံကို ဆေးရွက်ကြီး ဖြည့်၏။ နောက်ဆုံးတွင်မှ နတ်ဘုရား ရှိနေခြင်းကို သူ သတိရသွားသည်။

"ဟေး။ အဘိုးကြီး။ ပန်းကန် ဆေးမနေနဲ့။ ကျုပ်နဲ့ စစ်တုရင်တစ်ပွဲ လာ

ကစားချေ" သူက မီးဖိုချောင်ထဲသို့ အော်ပြောသည်။

မီးဖိုချောင် ခါးစည်းအဝတ်ပေါ် သူ့လက်ကို သုတ်ရင်း နတ်ဘုရားက မီးဖိုချောင်ထဲမှ ထွက်လာသည်။ သူက ချူရှန်းအဖေကို မျက်နှာချိုသွေးကာ ခေါင်းညိတ်၏။ အဘိုးကြီးနှင့် စစ်တုရင်ကစားရသည်မှာ နတ်ဘုရား အတွက် မချောင်လှပေ။ နိုင်သည်ဖြစ်စေ ရှုံးသည်ဖြစ်စေ အကျိုးဆက်က သာယာစရာ မရှိ။ နတ်ဘုရား နိုင်ခဲ့လျှင် ချူရှန်းအဖေက စိတ်ဆိုးသည်။ "စောက်ရူးအဘိုးကြီး။ ခင်ဗျား သိပ်တော်ကြောင်း ကျုပ်ကို ပြချင်တာလား။ ချီးတဲ့မှပဲ။ ခင်ဗျားက နတ်ဘုရားလေ။ ကျုပ်ကို နိုင်တာ ဘာမှ ကြီးကျယ်တဲ့ ဟာ မဟုတ်ဘူး။ ယဉ်ကျေးမှုလေး ဘာလေး နားလည်အောင် သင်ထားဦး။ ဒီအမိုးအောက်မှာ နေတာပဲ ကြာလှပြီ" သို့သော် နတ်ဘုရား ရှုံးခဲ့လျှင်လည်း ချူရှန်းအဖေသည် စိတ်တိုပေဦးမည်။ "စောက်သုံးမကျတဲ့ အဘိုးကြီး။ ကီလိုမီတာ ငါးဆယ်အတွင်း ကျုပ်က အတော်ဆုံး စစ်တုရင်သမားဗျ။ ခင်ဗျားကို နိုင်ရတာ ကြမ်းပိုး ဖိသတ်ရတာထက်တောင် လွယ်သေးတယ်။ ကျုပ်အနိုင်ရဖို့အတွက် ခင်ဗျားကို ကျုပ်လိုတယ်လို့ ထင်နေသလား။ ခင်ဗျား... ယဉ်ယဉ်ကျေးကျေး ပြောရရင် ခင်ဗျားက ကျုပ်ကို စော်ကားနေ တာပဲဗျ"

မည်သို့ပဲဖြစ်ဖြစ် နောက်ဆုံးရလဒ်က အတူတူပဲ ဖြစ်သည်။ အဘိုးကြီးက စစ်တုရင်ခုံကို မှောက်ပစ်၍ အရုပ်များ နေရာအနှံ့ လွင့်ကုန်တော့သည်။ ချူ ရှန်းအဖေမှာ သူ၏ စိတ်မထိန်းနိုင်ခြင်းအတွက် နာမည်ဆိုးရှိသူပင်။ ယခု အခါ နတ်ဘုရားဟုခေါ်သော အထိုးကျင့်စရာ သဲအိတ်တစ်လုံးကို နောက်ဆုံးတွင် ရှာတွေ့ခဲ့လေပြီ။

သို့သော် အဘိုးကြီးက ဒေါသကို ရင်ထဲ အောင်းထားခြင်း မပြုပေ။ နတ် ဘုရားက စစ်တုရင်ခုံကို ကောက်၍ အရုပ်များ လျင်မြန်စွာ ပြန်ထည့်ပေးပြီး

သည့် အခါတိုင်း သူသည် ပြန်ထိုင်ကာ နောက်တစ်ပွဲ ကစားသည်။ ထို့နောက်တွင်ကား ၎င်းဖြစ်စဉ် တစ်ခုလုံးသည် ထပ်ခါထပ်ခါ ဖြစ်နေပါတော့သည်။ ဤကဲ့သို့ အကြိမ်အနည်းငယ် သံသရာလည်ပြီးနောက် နှစ်ယောက်စလုံး ပင်ပန်းလာ၏။ အချိန်မှာ မွန်းတည့်လုနီးပေပြီ။

ထိုအခါ ဟင်းသီးဟင်းရွက်များကို ဆေးကြောရန် နတ်ဘုရားက ထသည်။ ယူလိအန်က သူ့ကို ဟင်းချက်ခွင့်မပြုပါ။ သူ့လက်ရာက ဆိုးလွန်းသောကြောင့်ဟု ပြော၏။ သို့သော် အရွက်များကိုတော့ သူက ဆေးကြောပေးရမည်။ ယူလိအန်နှင့် ချူရှန်းတို့ လယ်ထဲက ပြန်လာချိန်တွင်မှ အရွက်များ မဆေးရသေးလျှင် သူမက စောင်းမြောင်း ငေါ့တော့သော စကားများဖြင့် နောက်တစ်ကြော့ ဆူပူပါလိမ့်မည်။

ဟင်းသီးဟင်းရွက်များကို နတ်ဘုရား ဆေးနေစဉ် ချူရှန်းအဖေက အိမ်နီးနားချင်းများဆီသို့ အလည်ထွက်သည်။ ဤအချိန်မှာ နတ်ဘုရား၏ တစ်နေ့တာတွင် အငြိမ်းချမ်းဆုံး အချိန်ဖြစ်လေသည်။ မွန်းတည့်နေမှာ အုတ်စီထားသော ခြံဝင်းထဲက အက်ကြောင်းမှန်သမျှပေါ်သို့ ဖြည့်စွက် ကျဆင်းနေပြီး သူ၏မှတ်ဉာဏ်အတွင်းက အက်ကြောင်းနက်ကြီးများ ကိုလည်း လင်းလက်စေခဲ့သည်။ ထိုကဲ့သို့ အချိန်ပိုင်းများတွင် သူ့အလုပ်ကိုပင် နတ်ဘုရားက မေ့လျော့သွားလေ့ရှိကာ တိတ်ဆိတ်စွာ ရပ်၍ အတွေးထဲ၌ နစ်မျောနေတတ်သည်။ လယ်ကွင်းထဲက ပြန်လာသော ရွာသူရွာသားများ၏ အသံဗလံများ လေထဲ လွင့်ပျံလာသောအခါမှသာ အလန့်တကြား ပြန်နိုးလာပြီး ဆေးကြောစရာများကို အမြန်လက်စသတ်ရ၏။

သူက သက်ပြင်းချလိုက်သည်။ ဘဝသည် ယခုကဲ့သို့ မည်သို့မည်ပုံ ဖြစ်ခဲ့ရပါသလဲ။

ဤသည်မှာ နတ်ဘုရား၏ သက်ပြင်းမျှသာ မဟုတ်ချေ။ ချူရှန်း၊ ယူလိ

အန်နှင့် ချူရှန်းအဖေတို့၏ သက်ပြင်းများလည်း ဖြစ်သည်။ ကမ္ဘာပေါ်ရှိ သန်းငါးထောင် ကျော်သော လူသားများနှင့် သန်းနှစ်ထောင်ရှိသော နတ်ဘုရားများ၏ သက်ပြင်းများလည်း ဖြစ်လေသည်။

***